# ဓစ်ကိုယ်တူ

## သတိုး

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK



4472682 670004

COVERDESIGN: NAYMYOSAY

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၇၀၀

ထုတ်ဝေသူ - လင်းလွန်းခင် စာပေတိုက် (၀၀၇၅၉)
တိုက်-D၊ ပထမထပ်(လယ်)၊
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - နေမျိုးဆေး

ဖလင် - Eagle

အတွင်းအပြင်အဆင် - ပုံရိပ်ရှင်

စာစစ် - ဇသစ်ထွန်း

တန်ဖိုး - ၂၅၀၀ ကျပ်

၈၀၈.၈၄

သတိုး

နှစ်ကိုယ်တူ၊ သတိုး၊ - ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၁၉။

စာ-၁၄၀၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) နှစ်ကိုယ်တူ




mgyoe.com

mgyoe.com SAMPLE BOOK

နောက်ကျိုနေတဲ့ မြစ်ရေတွေ
ဘယ်ကမ်းခြေရောက်ရင် အနည်ထိုင်မလဲ
မြစ်ရေစီးထဲ မျောသွားတယ်…

**ကဗျာဆရာ ပေဦးသွင်ရဲ့**
**'မြစ်အကြောင်း' ကဗျာမှ…**

**ဇလပ်နီတာပေ**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- တစ် -

ဖြူနောက်နောက် ချောင်းရေအလျဉ် စီးဆင်းမပြတ်တဲ့ အဲဒီ ချောင်းမကြီး။ ရွှေးမြစ်ပြင်ကျယ်ဆီကနေ တိုးထွက်ခွဲဖြာပြီး မြို့ကလေးနဲ့ ဟိုတစ်ဖက်ကမ်းကို ခြားနားပိုင်းဖြတ်ထားတဲ့ အဲဒီ ချောင်းမကြီးကို ငါတို့ မှတ်မိကြတယ်။

ချောင်းကို ကန့်လန့်ဖြတ်ကာ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို ကူးဆက် သွယ်တန်းထားတဲ့ မြင့်မြင့်စွင့်စွင့် ညစ်ထပ်ထပ် ကွန်ကရစ် တံတားကြီးကတော့ အဲဒီတုန်းက မရှိသေးဘူး။ ဘယ်အချိန်ကတည်းက ဆောက်လိုက်မှန်းတောင် မသိဘူး။

မြို့ကလေးဘက်ခြမ်းနဲ့ ခြားနားလွန်းလှတဲ့ တစ်ဖက် ချောင်းကမ်းပါးနံဘေးက တဲအိမ်စုကျိုးကျဲကတော့ ငါတို့ မမှတ်မိနိုင်လောက်အောင် ဘာတစ်ခုမှ ပြောင်းလဲသွားခြင်း မရှိသေးဘူး။ တဲအိမ်စုကလေးတွေဆီကနေ ကူးတို့လှေငယ်လေးတစ်စင်းနဲ့ လူအပြည့်အမောက်တင်ကာ ချောင်းမကြီးကို



mgyoe.com

mgyoe.com SAMPLE BOOK

ဖြတ်လို့ မြို့ကလေးဘက်ကမ်းကို ရင်တဖိုဖို၊ အသည်းတယားယား အထိတ်တလန့် ဖြတ်ကူးခဲ့ဖူးကြတယ်။

တဲအိမ်စုကို လွန်လျှင်တော့ ငါတို့ တစ်စုတဝေးကြီး အုပ်ဖွဲ့ကာ ညည်းညူ လဲပြိုကြရင်း၊ အချင်းချင်း ဖေးကူထူမကြရင်း တစ်ယောက်ပခုံး တစ်ယောက် မှေးမှီကာ ခြေတရွတ်ဆွဲလျက် မြို့သို့ဝင်ခဲ့ရာ ကွေ့ဝိုက်ရှည်လျားလှသည့် တာလမ်းမကြီးပေ။

တာလမ်းမကြီးကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကထက် အပုံကြီးခြားနားသိသာစွာ ထည်ဝါနေခဲ့ပြီ။ နက်မှောင်ပြောင်လက်နေတဲ့ အသစ်စက်စက် ကတ္တရာလမ်းမကြီးဟာ ဟိုစဉ်က နိမ့်မြင့်ချိုင့်ခွက် အသွယ်သွယ်၊ ကျင်းချိုင့်တွေ ဗရပွနဲ့မို့ ကြမ်းရှပင်ပန်းလွန်းခဲ့လှတာ။ ငါတို့မှာ ခလုတ်ကန်သင်း ထူပြောရာ တာလမ်းမတစ်လျှောက် အကြိမ်ကြိမ် ပြိုလဲခဲ့ဖူးကြတာ။ ဘယ်သူမှလည်း မိမိကိုယ်ပေါ်က ဒဏ်ရာအနာတရတွေကို သတိမပြုအားခဲ့ကြဘူး။

အဲဒီတုန်းက တာလမ်းမကြီးရဲ့နံဘေး ဘယ်ညာနှစ်ဖက်စလုံးဟာ မမြင်ရက်စရာ...၊ ကျား၊ မ အရွယ်စုံ လူသေအလောင်းတွေဟာ မေးတင်ပုံထပ်လို့ပဲ။ ငါတို့တတွေ ကြောက်ရွံ့ထိတ်လန့်ကြ၊ အံ့သြတုန်လှုပ်ခဲ့ကြရတယ်။ ဒါပေမဲ့ လမ်းတစ်လျှောက် သက်ရှိထက် အဲသည့် လူသေအလောင်းတွေချည်း ရှောင်မလွတ်အောင် တွေ့လာရတော့ ကြောက်ရွံ့ထိတ်လန့်နေဖို့၊ တုန်လှုပ်အံ့သြနေဖို့ သတိမရနိုင်အားတော့ဘူး။ စိတ်အသိမဲ့သလို ခံစားချက်တွေဟာ ထုံပေပေတွေသာ ဖြစ်လာခဲ့ကြတယ်။ ဒီမြင်ကွင်းတွေကို လျစ်လျူရှုလို့ တာလမ်းမ အဆုံးထိ ရှန်းလျှောက်နိုင်ဖို့ တစ်ခုသာ စိတ်အသိမှာ ရှိခဲ့ကြတော့တယ်။ မဟုတ်လျှင် ကိုယ်တိုင်လည်း တာလမ်းမပေါ် ပုံလဲကာ အသက်ပျောက်ကျန်ရစ်နိုင်တယ် ဆိုတဲ့ အတွေးကြောင့် ခြေလှမ်းတွေ သွက်လာခဲ့ကြပြန်တယ်။

အဲဒီအချိန်တုန်းက အူထဲ၊ ဝမ်းထဲက တကြုတ်ကြုတ်မြည်အောင် ဆာလောင်လို့လည်း နေခဲ့ကြတယ်။ ဒါပေမဲ့ ခေါက်ဆွဲခြောက်တစ်ထုပ်၊ ထမင်းကြမ်းတစ်ခဲလောက်မျှ ရနိုင်ဖို့တောင် ခဲယဉ်းနေပြန်တာ။ ဥယျာဉ်ရွာ တချို့ကို ဖြတ်သန်းလာခဲ့ကြရသူတွေ အဖို့တော့ ရွာထဲမှာ ကျန်ရစ်သမျှ အုန်းပင်တွေ


mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်တက်ကာ အုန်းသီးစိတ်တွေ အဆာပြေ အူဆွတ်ရုံမျှ စားခဲ့ကြရတယ်တဲ့။ အုန်းရည်နည်းနည်း အာလျှပြေရုံ သောက်ခဲ့ကြရတယ်လို့ ဆိုတယ်။

လျှောက်ခဲ့တဲ့ ခရီးက အဆုံးမရှိတော့သလို၊ တစ်မျှော်တစ်ခေါ် ရှည်လျားလွန်းလှတော့ မတ်တတ်ကနေ ခွေယိုင်လဲပြိုလုမတတ် ချည့်နဲ့နွမ်းလျနေခဲ့ကြ။ ရေ... ရေဆာတယ်။ ရေလေးတစ်ပေါက်လောက်မျှ သောက်လိုက်ရချင်တယ်။

မြို့တစ်ဖက်က ဟောဒီ တဲအိမ်စုလေးတွေဆီ ရောက်လေမှ ကမ်းလာကြတဲ့ စတီးလ်မတ်ခွက် ညစ်ထပ်ထပ်ထဲက ရေအေးအေးကို တမ်းတမ်းမက်မက်၊ အငမ်းမရ မော့သောက်ကြတော့ -

'ဖြည်းဖြည်း သောက်ကြပါနော်။ မြို့ကို ရောက်ရင် ရေရော၊ ထမင်းရော ရမှာပါ။ နေရာထိုင်ခင်းလည်း စီစဉ်ထားတယ်လို့ သတင်းကြားပါတယ်'

ချောင်းတစ်ဖက်ကမ်းက မြို့ကလေးဆီ လှမ်းမျှော်ကာ အံခဲ၊ မာန်တင်းလျက် တရွတ်ဆွဲခြေလှမ်းတွေကို အနိုင်နိုင် အားယူသယ်မခဲ့ကြရပြန်တယ်။

*

တာလမ်းမရဲ့ ဒီတစ်ဖက်ခြမ်းမှာတော့ ဝါခြောက်ခြောက် ရိုးပြတ်ငုတ်တိုနဲ့ လယ်ကွင်းပြင် တွေ့ရ။ ကျွန်းတစ်ပတ်လည်ကို တာလမ်းမဘောင် မြင့်မြင့်ကြီးတွေ ဖို့ကာ ပိုင်းပတ်ထားတာကြောင့် 'ပတ်တာလမ်းမ'အတွင်း ရိုးပြတ်လယ်ကွင်းတွေကြားက ရွာငယ်လေးတွေဟာ လယ်ယာလုပ်ငန်း အဆင်ပြေ တွင်ကျယ်ခဲ့ဖူးပါရဲ့။ ဒါပေမဲ့ တစ်ကြိမ်ကတော့...။

တခြားတစ်ဖက်မှာတော့ ရွှံ့မြစ်ပြင်ကျယ်ပေါ့။ အခုတော့လည်း ငြိမ့်ငြိမ့်ပြေပြေ စီးဆင်းလို့ပဲ။ လှေဝါနာလေးတွေ၊ စက်တပ်မော်တော်လေးတွေကတော့ ရွှံ့မြစ် သဘောကောင်းချိန်ကို အခွင့်ကောင်းယူကာ အေးအေးသာသာ၊ ရွှေရွှေငြိမ့်ငြိမ့် လူးလားပြေးလွှားလို့ရယ်။


mgyoe.com

mgyoe.com SAMPLE BOOK

'ရွှေ' ဟာ တစ်ကြိမ်တစ်ခါက ကမ္ဘာပျက်မတတ်၊ ငရဲပွက်သလို ဒေါသလှိုင်းထန်ခဲ့ဖူးတာ မေ့နေကြပြီလား။

တာလမ်းမပေါ်ကနေ ရွှေးမြစ်ကို ဖြတ်ကာ လာရာလမ်းဘက်ဆီ လှည့်ပြန်ငေးမိတော့ မြို့ကလေးကို ဒီရေတောတန်း ခပ်ပါးပါး ခြံရံလျက်သား လှမ်းမြင်နေရတယ်။ ဆက်သွယ်ရေးတာဝါတိုင် မြင့်မြင့်ကြီးကတော့ မိုးထိ ချွန်ထွက်နေပြန်တာ။

'ညဘက်ဆိုရင် မြို့လယ် အောင်တော်မူစေတီရဲ့ ထိပ်ဖျားမှာ ပူဇော်ထားတဲ့ ဘုရားမီးကိုတောင် လှမ်းဖူးမြင်ရတယ်'

တစ်ယောက်ရဲ့စကားကို တစ်ယောက်က ပြုံးညိတ်နာခံတတ်တာ ငါတို့ နှစ်ယောက်ကြားက အလေ့ပဲ။ တစ်ယောက်က လက်မြှောက်ဖို့ ပြောလာရင် တစ်ယောက်က အငြင်းအဆန်မရှိ လက်မြှောက်လိုက်မိတာပဲ။ တစ်ယောက်က တည့်တည့်ဆက်သွားဖို့ ပြောလာရင် ရှေ့မှာချောက်ကမ်းပါး မြင်နေလည်း ရှေ့ဆက်လှမ်းကာ နှစ်ယောက်သား လက်ချင်းချိတ်တွဲကာ ခုန်ချလိုက်မိမှာပဲ။

အဲသလို... တူနှစ်ကိုယ် တွဲလက်ညီတဲ့ ငါတို့နှစ်ယောက်လေ။

✱


mgyoe.com

mgyoe.com SAMPLE BOOK

– နှစ် –

ည ညတွေမှာ ကိုကိုကြီးတို့ မမမော်တို့အခန်းထဲက ကလေးငိုသံ အဲ့ခနဲကြားတာနဲ့ တစ်ယောက်က အိပ်ရာကနေ ငုတ်တုတ်ထထိုင်မိတာပဲ။ ကျန်တစ်ယောက်က အိပ်လျက်ကနေ လက်တစ်ဖက်ကို လှမ်းဆွဲလျက်သား။

'မသွားနဲ့'

'နို့ဆာလို့ ငိုနေတာ'

'မမမော်လည်း နိုးရောပေါ့။ သူတို့ နို့ထ တိုက်နေကျပဲ'

တစ်ယောက်ရဲ့ ထွေးပွေ့နှစ်သိမ့်မှုမှာ တစ်ယောက်က မှေးမှိုကာ မျက်ရည် အလူးလူးနဲ့ အသံတိတ် ရှိုက်နေမိပြန်။ ငိုရင်းမောလာလေမှ နှစ်ယောက်သား အချင်းချင်း ထွေးပွေ့မှေးမှိုလျက်သား အိပ်စက်ပျော်တတ်ကြတာ။ အစဦး နေ့ရက်တွေမှာတော့ ကလေးငိုချိန်ဆိုလျှင် သားမြတ်အစုံဟာ တောင့်တင်းကာ မခံရပ်နိုင်လောက်အောင် နာကျင်ကျိန်းစပ်နေတော့တာ။ ရှူးမတတ် ငိုကြွေးမိခဲ့တာ။



mgyoe.com

mgyoe.com SAMPLE BOOK

မမမော်ပေးလာတဲ့ လိမ်းဆေးတွေ လူးနေရင်းက တစ်ရက်၊ နှစ်ရက် ဖျားယူခဲ့ရသေးတယ်။

'အဲဒါ ငါ့သားလေးပါနော်။ မမမော် မတရားဘူး'

'မဟုတ်ပါဘူး။ မမမော်ကိုယ်တိုင် မွေးထားတာပဲ'

'ဟင့်အင်း၊ ငါ မယုံဘူး။ မမမော်က ကလေးမမွေးနိုင်တဲ့ အမြုံမကြီး ဥစ္စာ'

မမမော်က တစ်စွန်းတစ်စ ကြားရုံနဲ့ အခန်းထဲကို ဝင်လာပြီး ဆူပူ ကြိမ်းမောင်းတတ်တာမို့ နှစ်ကိုယ်ကြားသာရုံ ပြောဝံ့တယ်။

'ငါ့သားလေးကို ငါ... ပြန်ယူရမယ်'

'တစ်နေ့နေ့ပေါ့ဟယ်'

အဲဒီတစ်နေ့ကို ငါတို့နှစ်ယောက်သား စိတ်မရှည်၊ လက်မရှည် စောင့်ခဲ့ကြတာ ကမ္ဘာချီသလောက် ကြာတယ်ထင်မိတယ်။

*

မမမော်လစ်တာနဲ့ ငါတို့နှစ်ယောက်ဟာ ကလေးအနား ပြေးလွှား ရောက်သွားကာ ပွေ့ချီမယောင်၊ တို့ထိကျီစယ် မြှူချော့နေကျပဲ။ မမမော် ကတော့ သူ့ကလေးကို ငါတို့ထိကိုင်တာ မကြိုက်ဘူး။ အတိအလင်းလည်း တားမြစ်ထားတယ်။ ငါတို့ကတော့ မမှုဘူး။ အလစ်အငိုက် စောင့်ချောင်းပြီး ကလေးအနားမှာ တရစ်ဝဲဝဲပဲ။

တစ်ခါတလေ မမမော်က ငါတို့ကို အော်ငေါက်လွှတ်တတ်သေးတာ။ အဲဒီအခါ မမမော်ရင်ခွင်ထဲက ကလေးနီတာထွေးလေးကို အဝေးကသာ လှမ်းငေးရတော့တယ်။

'သူ့အသက် ဘယ်လောက်ရှိပြီလဲ ဟင်။ ခြောက်လကျော်ပြီလား'

'အင်း... ခရီးဒဏ်ခံနိုင်ဖို့တော့ နုနယ်လွန်းသေးတယ်'

နုနုထွေးထွေး ပုလုကွေးလေးဟာ တစ်ခါတစ်ရံ စိတ်တိုကာ အာခေါင်ခြစ်လို့ အော်တတ်တယ်။ မျက်နှာနုဖွေးဖွေးလေး ရဲတက်လာကာ


mgyoe.com

mgyoe.com SAMPLE BOOK

အသံပျောက်တဲ့အထိ စိတ်ကြီးတတ်ပြန်တယ်။ မမမော်နဲ့ ကိုကိုကြီးက နှုတ်တွေရာ တီတာစကားတွေနဲ့ ထွေးထွေးပွေ့ပွေ့ မြှူချော့ရှာတယ်။ ငါတို့ကလည်း မျက်လုံးလေးတွေ မှေးမှိတ်လို့ ကလေးထံ စိတ်မှန်းရောက်ရင်း -

'အေ... အေး... တိတ်ပါ သားရယ်။ တိတ်ပါနော်'

'ကြောင်ကြီးရဲ့ မြီးတံတို၊ အဆီကိုစားပါလို့ အသားကိုမျှို'

တစ်ယောက်နှုတ်ထွက်ကို တစ်ယောက်က ပြုံးမြပြီး သဘောကျကျေနပ်နေပြန်တာ။ ကိုကိုကြီးတို့ မမမော်တို့ကတော့ ငါတို့ အဲဒီသီချင်းနဲ့ ကလေးချော့တာ မကြိုက်ကြဘူး။ ကိုကိုကြီးက မှုပျက်ကာ မျက်နှာလွှဲနေနိုင်ပေမယ့် မမမော်ကတော့ မျက်နှာထားတင်းတင်းနဲ့ 'တိတ်စမ်း' လို့ လှည့်အော်တတ်တယ်။

သားလေး ရက်တစ်ရာပြည့်တော့ ကိုကိုကြီးနဲ့ မမမော်ဟာ သားလေးအတွက် မွေးနေ့ပွဲသေးသေးလေး ကျင်းပပေးခဲ့သေးတယ်။ ဘုန်းတော်ကြီးတွေကိုလည်း အိမ်ကို ပင့်ဖိတ်ကာ ဆွမ်းကပ်ခဲ့တယ်။ သူတို့ရဲ့ သားကလေးကိုလည်း ဗေဒင်ဆရာဆီမှာ မေးလို့ နာမည်လှလှ ရွေးခဲ့ကြပြန်တယ်။ ငါတို့ကတော့ ဘာနာမည်မှည့်မှည့် အမှတ်မထားဘူး။ အသိအမှတ်လည်း မပြုပါဘူး။ သားကို ငါတို့နှစ်ယောက်ထဲ တိုင်ပင်ပြီး သီးသန့်မှည့်ခေါ်ထားတဲ့ နာမည်ရှိပြီးသားလေ။ ဖိုးတီတာ...တဲ့။ သားဟာ အလွန်အင်မတန် မျက်နှာပြုံးချိုလှတာ။ မြှူချော့လျှင် ဝူးဝူးဝါးဝါး စကားတွေ ဆိုနေတတ်ပြန်တာ။

'ငါတော့ မစောင့်ချင်တော့ဘူး'

တစ်ယောက်ကဆိုလျှင် တစ်ယောက်က -

'စိတ်သိပ်မလောနဲ့။ နေဦး'

'ငါ့သားကို ငါပြန်ယူတဲ့ကိစ္စမှာ ငါ.. စိတ်စောမိတာပေ့ါ။ အလောတကြီးလည်း နိုင်မှာပေ့ါ။ နှောင့်နှေးနောက်ကျပြီး ငါ့သားကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး'

*


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## – သုံး –

တာလမ်းမဟာ ကတ္တရာလမ်းမမို့သာ တော်တော့တယ်။ ခြေလျင်ခရီးက အတန်ငယ်ပေါက်လာခဲ့တော့ ငါတို့ ဟောဟဲဆိုက်အောင် မောနွမ်းနေကြပြန်တယ်။ တာလမ်းမန်ဘေးက သမှည့်ပင်စုစုအောက်မှာ အရိပ်ခိုကာ အမောအပန်း ဖြေရပြန်တယ်။

ရှားရှားပါးပါး မိုးနံ့ခြံတစ်ခုတွေ့တော့ မြမြကလေး ချိုတတ်ရဲ့ အရသာနဲ့ မိုးနံ့သီးကို ရုတ်တရက် စားချင်မိပြန်တယ်။ ဒါပေမဲ့ ဒီအချိန်ဟာ မိုးနံ့သီး သီးတဲ့အချိန် မဟုတ်သေးဘူးလေ။ မိုးနံ့ခြံမှာ နွယ်တက်နေတဲ့ ရင်းနောင်းနွယ်တွေကလည်း ခက်ညွန့်သန်စွမ်းလှပေမယ့် ဒီအချိန်မှာ အသီးမသီးသေးဘူး။ သူ့အသီးက စပျစ်သီးလို အခိုင်လိုက် သီးတတ်တာ။ အသီးပုံသဏ္ဍာန်၊ အရောင်ကအစ တချို့ စိမ်းစိမ်း၊ တချို့နီညို စပျစ်သီးနဲ့ သိပ်တူတာ။ ငါးပိချက် ချက်စားရင် ချဉ်ဖြုံးဖြုံး အရသာဟာ ထမင်းစားလို့ သိပ်မြိန်တာ။



mgyoe.com

mgyoe.com

ခရာဆူးချုံဆီက ဆူးပန်းခရမ်းပြာလေးတွေကို ပွင့်ညှာဘက်ကနေ စုပ်ယူလိုက်ရင်လည်း ချိုမြမြကလေးရယ်။ မိချောင်းနွယ် ရွက်စိမ်းချွန်ချွန်တွေကို ပိပိမှုတ်နေမိပြန်ရင်း ကလေးဘဝကိုတောင် သတိရသွားမိတယ်။

'အဲ့ဒီတုန်းက ငါတို့ရွာလေးဟာ သိပ်ကို ပျော်စရာကောင်းခဲ့တာ'

စိတ်အတွေးမှာ ပြာမလော့မြစ်ကြီးဆီကနေ ခွဲထွက်စီးဝင်လာတဲ့ ငါတို့ ရွာချောင်းကလေးကို ပြေးမြင်မိပြန်တယ်။ ငါတို့ရဲ့ ဇာတိရွာကလေးဟာ ချောင်းကို ခွလျက် တည်နေတဲ့ ရွာတန်းရှည်ပေါ့။ တစ်ရွာလုံးဟာ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး လယ်ယာလုပ်ငန်းခွင် ပါးတဲ့အချိန်၊ စပ်ကူး မတ်ကူး ကာလတွေမှာ ငါးသလောက်ပိုက်ချကြတဲ့ လယ်သမားတစ်ပိုင်း၊ တံငါတစ်ပိုင်း ရွာကလေးမို့ အိမ်တွေအားလုံးဟာလည်း ချောင်းဘက်ကို မျက်နှာမူထားကြတယ်။ အိမ်တိုင်းမှာ ရေဆင်းတံတားကိုယ်စီ ရှိကြတယ်။ တံတားဦးမှာ လှေဦးမော့မော့ ကော့ကော့ရွရွ ငါးသလောက်ပိုက် လှေကလေးတွေ စီရရီလို့။ ရွာတန်းရဲ့ အနောက်ဖက်မှာတော့ လယ်ကွင်းတွေ ရှိပြန်တယ်။

ငါ ရွာကို ပြန်ရောက်ချင်နေခဲ့တာ ကြာလှပြီ။ နှုတ်မဆက်၊ လက်မပြ အားဘဲ ရွာကို စွန့်ခွာခဲ့တာ ဆယ်နှစ်၊ ဆယ်မိုး မကတော့ဘူးလေ။ ငါ့ပထွေးနဲ့ ငါ့အမေရော ရွာမှာရှိနေကြသေးလား။ အမေကတော့ ငါ့ကို မြင်လျှင်မြင်ချင်း မောင်လေးရော… လို့ အမောတကော ဆီးကြိုမေးလိမ့်မယ် ထင်တယ်။ သူ့သား ပျောက်နေတာ သိရင် အမေ ငါ့ကို စိတ်ဆိုးမှာလား။

အမေက ငါ့ကိုရော မျှော်နေမှာလား။ အတွေးမှာတောင် သိပ်မသေချာလှပါဘူး။ ဒါပေမဲ့ အမေက ငါ့ကို ချစ်ပါတယ်။ မမမြတ်တို့၊ မမမော်တို့ထက်တောင်မှ ငါ့ကို ပိုချစ်သေးတာ ငါအကြွင်းမဲ့ ယုံကြည်တယ်။ ဒါပေမဲ့ မှတ်မိသိတတ်စ အရွယ်ကတည်းက အမေဟာ ငါ့ကို တစ်ခါမှ စကားကောင်း မပြောခဲ့စဖူး။ တကယ်ဆို ငါဟာ လူမှန်းသိတတ်စကတည်းက ဖခင်မဲ့ခဲ့ရတဲ့ ဖတဆိုး သမီးလေး မဟုတ်လား။ အမေ့မေတ္တာမှာ ကရုဏာဆင့်လောင်းလို့ ငါ့အပေါ် ဆတိုးကြင်နာသင့်ပါတယ်။ ဒါပေမဲ့…

*


mgyoe.com

mgyoe.com SAMPLE BOOK

'သားသမီးထက် လင်ကို ပိုမက်တဲ့မိန်းမ'

ကြီးကြီး မကွယ်လွန်မီက ပြောခဲ့ဖူးတယ်တဲ့။ အဲဒီတုန်းက ငါ့အမေဟာ ငါ့အဖေနဲ့ လက်ထပ်ဖို့ ကြီးကြီးဆီမှာ အသိပေး၊ ခွင့်တောင်းခဲ့တာတဲ့။

အဲဒီတုန်းက မမမြတ်တို့၊ မမမော်တို့က ရှက်တတ်၊ ကြောက်တတ် အရွယ် အပျိုပေါက်စတွေ ဖြစ်လို့နေခဲ့ပြီတဲ့။ သူတို့အဖေ ဆုံးပါးခဲ့တာလည်း သုံးနှစ်လောက် ရှိခဲ့ပြီ တဲ့။

ကြီးကြီးက အမေ လက်ထပ်မှာကို လုံးဝ သဘောမတူနိုင်ခဲ့ဘူး။ ခါးခါးသီးသီး ကန့်ကွက်ပြစ်တင်ခဲ့လေတာ။ နေ့နေ့ညည မျက်ရည်လည်ရွဲ ငိုမြဲ ငိုနေပြန်တာ ဘယ်လိုမှ ချော့မော့လို့မရ။ ငိုလို့အားရလျှင် အမေ့ကို ရန်တွေ့လို့ပဲ မပြီးတော့ဘူး တဲ့။

'ညည်း... ယောကျ်ားမရှိဘဲ မနေတတ်ဘူးလား သီသီ'

ကြီးကြီးအဖို့ အမေဟာ ယောင်းမဆိုပေမယ့် အမေတို့ အိမ်ထောင် တစ်သက် အတူနေလာခဲ့ကြတာ မဟုတ်လား။ ညီမအရင်းနှင့်မခြား ချစ်ခင် တွယ်တာလို့လည်း ဖြစ်မှာပဲ။ မမမြတ်တို့ရဲ့ဖခင် ရှိစဉ်ကတည်းက တစ်ဦးတည်း သော မောင်ငယ်ကို အလုပ်ပေးကာ၊ မောင်လေးရဲ့ မိသားစုကို အိမ်ပေါ် ခေါ်တင်ပြီး ပြုစုစောင့်ရှောက်ခဲ့ပြန်တာ။ မမမြတ်တို့ မမမော်တို့ အပေါ်မှာလည်း ကြီးကြီးကပဲ သမီးအရင်းများသဖွယ် အရိပ်ကြည့် ပြုစုဂရုစိုက်ခဲ့လေတာ။ အမေ့ ပထမအိမ်ထောင် ကြီးကြီးရဲ့မောင် ကွယ်လွန်ခဲ့တော့လည်း အမေတို့ သားအမိသုံးဦးသား ကြီးကြီးရဲ့ အရိပ်အောက်မှာ အပူပင်ကင်းစွာ၊ နွေးထွေး လုံခြုံစွာ။ တောင့်တ ကြောင့်ကြခြင်း ကင်းလှစွာ။ သားထောက်သမီးခံ မရှိတဲ့ ကြီးကြီးဟာလည်း အိမ်ထောင်ပျက်ပြီးကတည်းက မောင်ရဲ့မိသားစုကလွဲလျှင် တွယ်တာအားကိုးစရာ မရှိခဲ့ဘူး မဟုတ်လား။

'ငါ့ကို သမီးယောင်းမဖို့ ထည့်မတွက်၊ ဂရုမစိုက်ဘူး ဆိုရင်တောင် ညည်းသမီးလေးတွေရဲ့ မျက်နှာကိုတော့ ငဲ့ကွက်သင့်ပါတယ်ဟယ်'

မမမြတ်တို့ မမမော်တို့ကလည်း ကြီးကြီးကို အမေ့ထက်ပိုလို့ ခင်တွယ် ခဲ့ကြတယ်။ ကြီးကြီးရဲ့ ဘက်တော်သားများ လုံးလုံးလျားလျား ဖြစ်ခဲ့ကြတယ်။


mgyoe.com

mgyoe.com

'မေမေ မရှက်ပေမဲ့ မြတ်တို့တော့ ရှက်လွန်းလို့ သေတော့မယ်'

'မော်တို့ဘဝမှာ ပထွေးမလိုဘူး မေမေ'

ယောင်းမကိုသာ ခွန်းတုံ့မပြန်ရဲလို့ ခေါင်းငုံ့ခံနေရပေမယ့် သမီးတွေကိုတော့ အမေက ရဲရဲရင်ဆိုင်ခဲ့တာပဲ။

'နင်တို့ ပထွေးမလိုဘူး ဆိုတာ ငါသိတယ်။ ငါ့လို အမေကိုလည်း နင်တို့ မလိုအပ်ဘူး ဆိုတာ ငါသိတာပဲ။ တစ်ပင်လဲလို့ တစ်ပင်ထူတာရော ရှက်စရာ ဘာရှိလဲ။ ငါ အမြှောင်နေတာ မဟုတ်ဘူး။ သူများလင် ကြောင်တောင်နိူက်တာ မဟုတ်ဘူး'

သားအမိတတွေချင်း အချေအတင် ပြောစကားပေမယ့် ကိုယ့်ဘက်ကိုလည်း အဖျားခပ်ကာ ရည်ရွယ်သိစေလိုတာ ကြီးကြီးက ရိပ်မိမှာပဲ။ တစ်သက်လုံးက ကိုယ်စီမံသမျှ နာခံခေါင်းညိတ်ကာ တစ်ခွန်းတစပြန်လှန် မပြောစဖူး။ အခုမှ စူးစူးစွာစွာ သတ္တိကောင်းပြလာပြန်တဲ့ အမေ့ကိုလည်း မြင်ပြင်းကပ်လှပြီ။

'ပြောလို့ ရမှာ မဟုတ်တော့ဘူး။ လွှတ်ပေးလိုက်။ ညည်းတို့အမေက လင်စိတ်မွှန်နေပြီ'

သွားလေသူ မောင်ငယ်ကို တ,ကာ အော်ငိုခဲ့လေသတဲ့။ မျက်ရည်စက်လက်နဲ့ သိမ်းဆည်းထုပ်ပိုးနေတဲ့ အမေ့ကို -

'ဘယ်တော့ ဆင်းမှာလဲ'

အမေ ဆတ်ခနဲ ခါသွားတယ်။ ဘယ်တော့ ဆင်းမှာလဲ ဆိုစကားက အမေ့ကို အိမ်ပေါ်မှ အပြီးအပိုင် နှင်ချတဲ့သဘော သက်ရောက်စေတယ် မဟုတ်လား။

'သဘက်ခါ'

ဒေါသသံမစွက်အောင် ထိန်းကာ စကားကို တုံးတိဖြေတယ်။

'ကြာပါတယ်။ နံနက်လင်းတာနဲ့ ညည်းလူကို လာခေါ်ခိုင်းလိုက်။ ညည်းပိုင်ဆိုင်သမျှ တစ်ခါတည်းသာ သိမ်းဆည်းယူသွားပေတော့'

အမေက ကြီးကြီးရှေ့မှာ ပျပ်ပျပ်ဝပ်ဝပ်၊ ကျိုးကျိုးနွံနွံ လက်အုပ်ချီတယ်။ ကြီးကြီးကတော့ မျက်နှာတစ်ဖက် လွှဲဖယ်ပြီး မျက်ရည်တွေကို အကျိုး


mgyoe.com

mgyoe.com SAMPLE BOOK

လက်ဖျံနဲ့ ငုံသုတ်နေတုန်း။ ကြီးကြီးဆင်ပေးထားတဲ့ လက်ဝတ်လက်စား အားလုံးကို ကိုယ်ပေါ်မှချွတ်ပြီး ကြီးကြီးထံပြန်အပ်ဖို့ အမေ့မာနက မမေ့မလျော့ သတိရခဲ့သတဲ့။ ခင်ပွန်းဟောင်း ဆင်ခဲ့တဲ့ နားကပ်တစ်ရံ၊ ဆွဲကြိုးတစ်ကုံး၊ ကြယ်သီးစုံနဲ့ လက်ကောက်ပါမကျန် ကိုယ်ပေါ်မှ ဖြုတ်လိုက်လေကာ -

'ဒါက မြတ်နဲ့ မော်တို့အတွက်'

ကြီးကြီးက လက်မခံခဲ့ဘူး။

'ငါ့အရိပ်မှာ ငါ့အစီအမံ နာခံနေသမျှ ငါ ဆင်နိုင်တယ်'

အမေ မျက်ရည်စက်လက်နဲ့ အိမ်ပေါ်က ဆင်းလေလျှင် ကြီးကြီးက လွဲလို့ ဘယ်သူမှ မျက်ရည်တစ်စက်မကျ။ ထန်တင်းသော မျက်နှာများဖြင့် စိမ်းစိမ်းစူးစူး စိုက်ကြည့်ကာ ဖျတ်ခနဲ ပြိုင်တူ မျက်နှာလွှဲနိုင်ခဲ့ကြလေတာ။

✱


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

– လေး –

အမေဟာ ကြီးကြီးရဲ့အိမ်မှ ခွဲဆင်းလာခဲ့ပြီးကတည်းက နောက်ပြန်လှည့်မကြည့်စတမ်း အဲဒီအိမ်ကို တစ်ခေါက်တလေမျှ ပြန်မရောက်ခဲ့တော့ဘူးတဲ့။ မမမြတ်ရဲ့ မင်္ဂလာဧည့်ခံပွဲကျမှ ပထမဆုံးအကြိမ် ပြန်ရောက်ဖြစ်ခဲ့တာ။

တကယ်တော့ မမမြတ်ရဲ့ မင်္ဂလာပွဲမှာလည်း အမေဟာ ရုပ်ပြရုံမျှသာပဲ။ မမမြတ်ကတောင် အမေ့ကို အသိအမှတ်ပြုကာ နေရာမပေးခဲ့ဘူးတဲ့။ ကြီးကြီးရဲ့ နံဘေးမှာ ယိုယို့ကလေးရပ်ကာ လာသမျှ လူအားလုံးကို နွမ်းလျော့လျော့ ပြုံးပြနေရုံ။ သတို့သားဘက်က မိဘဆွေမျိုး စုံလင်အောင်ပင် မိတ်ဆက်ခွင့် မရခဲ့ဘူးလို့ နာနာကျင်ကျင် ပြန်ပြောဖူးတယ်။

ဧည့်ခံပွဲအပြီး နောက်တစ်နေ့ ပြန်ဖို့ပြင်တဲ့ အမေ့ကို မမမြတ်က –

'မေမေ ပြန်တော့မလို့လား အင်း... အင်း... ပြန်လေ'

ကြီးကြီးပင် မနေသာဘဲ မျက်စောင်းဝင့်မိတဲ့အထိ။

'အမေကို ကန်တော့လိုက်ဦးလေ'



mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်ကာလ သားသမီးတွေများ သိပ်ခက်တယ်။ သူတို့ သိတတ်တာ ဘာတစ်ခုမှ မရှိတော့ဘူးလို့လည်း တီးတိုး ညည်းတွားနေပြန်တာတဲ့။ မမမြတ်တို့ တူစုံမောင်နှံနောက်မှာ မမမော်လည်း မနေသာဘဲ လက်အုပ်ချီရတော့တာပေါ့။

အမေက ကြီးကြီးကို နှုတ်ဆက် ကန်တော့လေလျှင်တော့ ကြီးကြီး မျက်ရည်ကျရှာပြန်တာပဲ။

'ကျုပ်ပြောခဲ့တာတွေအတွက် အမှတ်မထားပါနဲ့အေ။ တစ်ခေါက်တကျေးတော့ ငါ့အိမ်ကိုလည်း ဝင်ပါ၊ ထွက်ပါဦး'

ကြီးကြီး နာဖျားမကျန်း ဖြစ်ချိန်မှာလည်း အမေပဲ လာရောက်ပြုစုပေးခဲ့ရပြန်တာ။ ကြီးကြီးတစ်ယောက် အမေ့လက်ပေါ်တွင် ဆုံးပါးကွယ်လွန်တော့ ငါ့အသက် သုံးနှစ်ထဲမှာ။

'ညည်း သမီးတွေကိုလည်း ပစ်မထားပါနဲ့'

ကြီးကြီးက သူ့တူမနှစ်ယောက်ကို စိတ်မချခဲ့ဘူး။ ဒါပေမဲ့ အမေက နယ်မှာ အခြေချပြီး ဖြစ်နေပြီ။ ပြီး မမမြတ်တို့ကလည်း အမေ့ကို အရိုသေတန်လှသလို စိတ်မှာထင်ရဲ့။ မမမော်က ပိုလို့ပင် ဆိုးချင်သေးတာ။

'မေမေတော့ လာပါ။ မေမေ့ယောကျ်ားကိုတော့ ခေါ်မလာနဲ့'

အဖေကလည်း အမေနဲ့အိမ်ထောင် တစ်သက်မှာ မမမြတ်တို့၊ မမမော်တို့ရဲ့ အိမ်အရိပ်ကို တစ်ကြိမ်မျှ မနင်းခဲ့စဖူးလေ။ အဖေနဲ့ အမေတို့ရဲ့ အိမ်ထောင်သက်တမ်းကလည်း တိုတောင်းလွန်းလှရဲ့။ ကြီးကြီးနဲ့ ခြောက်လ ခန့်မျှခြားကာ အဖေ မမျှော်မလင့် ဆုံးပါးကွယ်လွန်သွားခဲ့တယ်။

'မေမေနဲ့ မျက်ခြယ် အိမ်မှာ လာနေကြပါလား'

မမမြတ်က လှမ်းခေါ်ဖော်ရပါရဲ့။ မမမော်က မဲ့ရွဲ့ပြုံးထေ့ကာ –

'သူ့ယောကျ်ားလက်ငုတ်တွေက ဖြုတ်လို့ မလွယ်သေးဘူး'

အဖေ့လက်ငုတ် လယ်မြေကေများစွာ ကျန်ရှိရစ်ခဲ့တာလည်း အမှန်ပဲ။ ကြီးကြီးရဲ့ ဆန်စက်မှာ မမမြတ်တို့ဖေဖေ ရှိစဉ်ကတည်းက စပါးလာရောင်းရင်း၊ ဆန်လာကြိတ်ခွဲရင်း ရင်းနှီး သိနှင့်နေခဲ့ကြတာ။ အဖေက လယ်သမား


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ပိုင်း၊ စပါးကုန်သည် ဆိုလည်း မမှားဘူးကိုး။ အဖေကျန်ရစ်တဲ့ လယ်ပွဲတွေကို ရုတ်တရက် ရောင်းချဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်သေးဘူး။ အဖေ့လက်ထက်က လယ်အလုပ်သမားတွေအားလုံး အဖေရှိစဉ်က အစီအမံအတိုင်း မပြိုမကွဲ ရှိစေဖို့ အမေ့ခမျာ အတော်ကြိုးစားရုန်းကန်ခဲ့ရမှာပါ။

ဒါပေမဲ့ အလုပ်သမား ယောကျ်ားသား အများစုကို မိန်းမသားတစ်ယောက်တည်း အုပ်ချုပ်စီမံနေရတဲ့ အမေ့အဖို့ စိတ်ရှုပ်စိတ်ပျက်စရာ။ နေ့နေ့ညည အဆင်မပြေမှုချည်းသာပဲ။ နွေအခါမှာလည်း နွေအလုပ်မို့၊ မိုးအခါလည်း မိုးအလုပ်မို့ အမေ့ခမျာ ပင်ပန်းခဲ့ရရှာတယ်။ ထွန်ရေး၊ ထယ်ရေးလည်း အမေ ပူပန်ရတယ်။ ကောက်စိုက်ပျိုးနုတ်ရာမှာလည်း အမေကိုယ်တိုင် ဦးဆောင်ဆော်ဩပါမှ။ ကန်သင်းတွေ ရေနည်း၊ မနည်း ဆိုတာလည်း အမေ စောင့်ကြည့်စေခိုင်းပါမှ။

နွေအခါ ကောက်ရိတ်၊ ခြွေလှေ့ရာမှာတော့ ပိုလို့တောင် မျက်နှာလွှဲဖို့ မဖြစ်နိုင်သေးဘူး။ ခမောက်တစ်ချပ်၊ ဓာတ်မီးတစ်လက်နဲ့ တလင်းနံဘေး ပတ်လျှောက်ပြခဲ့ရတယ်။ စပါးအားလုံး ကျီထဲသွင်းပြီးလေမှ သက်ပြင်းဖွဖွချကာ စိတ်အေးလက်ချ ရှိရတော့တာ။

မြစ်ကူးချောင်းခြား ခရီးလည်း ရှောင်လွှဲမနေသာ။ ကွင်းရိုးကွင်းစဉ်တကာ လှည့်ပတ်သွားလာရာမှာလည်း လူအရှိသေ မတန်ရလေအောင် ဘေးဆီးရန်ကာ ဦးတင်ထူးကို လက်စွဲပြုရပြန်တော့တာ။

ဦးတင်ထူးဟာ အဖေရှိစဉ်ကတည်းက အိမ်တော်ပါ ဖြစ်ခဲ့ဖူးတာ။ မွေးချင်းညီအစ်ကို မောင်နှမတွေ ရှိပေမယ့် တစ်ကောင်ကြွက်ဆန်ဆန်၊ သူမို့သာ ကင်းကင်းပြတ်ပြတ် နေနိုင်ခဲ့လေတာ။ အဖေ့လက်ရုံး၊ လက်ကသုံးတောင်ဝှေး ပြုခဲ့ရသူ၊ အားကိုးစိတ်ချရသူလည်း ဖြစ်ခဲ့သတဲ့။

အရပ်က အဲဒီ ဦးတင်ထူးနဲ့ ပိုင်းဝန်းစွပ်စွဲ သမုတ်ကြလေလျှင် အသားတဆတ်ဆတ် တုန်နေအောင် အမေ စိတ်ဆိုးခဲ့သတဲ့။ ရှက်ရွံ့ဒေါသဖြစ်ခဲ့ရသတဲ့။

'အစ်မကလည်း ကိုယ်မဟုတ်ရင် ပြီးတာပဲ'


mgyoe.com

 mgyoe.com SAMPLE BOOK 

အမေ သွေးဆူလျှင်တော့ ဦးတင်ထူးက အေးဆေးတည်ကြည် ဟန်ဖြင့် ဖျောင်းဖျဖော်ရပါတယ်။။

'ဆရာ့လက်ထက်ကတည်းက ကိုယ် မှီခိုနေခဲ့တာ။ သူ့ကျေးဇူးတွေ လည်း ရှိခဲ့တယ်လေ'

ဦးတင်ထူးရဲ့မိခင်ကြီး အသုဘကိစ္စမှာလည်း ကျန်မောင်နှမတွေကို အားကိုးလို့ မရနိုင်ဘဲ အမေ့ကြောင့်သာ မသာ လှခဲ့ရတာ။ ဦးတင်ထူးက အမေ့ အပေါ် ကျေးဇူးတင်မဆုံး။ အခွင့်ကြုံတိုင်းလည်း တဖွဖွ ပြောဖော်ရနေပြန်တာ။

'မင်းနဲ့ မဟုတ်ရင် ငါ ကြုံတော့မယ်'

ဦးတင်ထူးက အမေ့ကို ယင်နားလျှင်ပင် သည်းမခံချင်တတ်တော့ပြီ။ တုတ်တစ်ပြက်၊ ဓါးတစ်ပြက် ဖြစ်ကြရတာလည်း အကြိမ်ကြိမ်မို့ အမေက တစ်လှည့်တစ်ပြန် နားချဖျောင်းဖျခဲ့ရသေးတယ်။

တကယ်လည်း လင်သေမုဆိုးမရယ်လို့ စာနာစွာ စောင့်ရှောက်ကူညီ ခြင်းကို တင်ထူးမှတစ်ပါး ဘယ်ယောက်ျားသားထံကမှ မမျှော်လင့်ကောင်း ပေဘူး။ ခင်ပွန်းရှိစဉ်က လေးစားသမှုနှင့် နေရာပေးကာ ဆက်ဆံဖူးသူတွေ ကတောင် အခုတော့ အကြည့်အပြုံးကအစ တစ်မျိုးတစ်မည် ပြောင်းလဲနေ ခဲ့ပြီ။

မုဆိုးမတစ်ယောက်အတွက် လောကမှာ ရပ်တည်ရေးဟာ တံခွန် မရှိသော ဘုရား၊ အလံမရှိသော ရထားပမာ မတင့်မတယ်သလို ဆိုဖူးကြတာ မှန်သလား။ ဒါဆိုလျှင်တော့ အမေ့အတွက် ဦးတင်ထူးကိုသာ ရွေးချယ်ရုံ ရှိတော့တာပင်။

*

 mgyoe.com

mgyoe.com SAMPLE BOOK

– ငါး –

အရင်က ခင်ခင်မင်မင် ချွဲနွဲ့တွယ်ကပ်ခဲ့ဖူးတဲ့ ဦးတင်ထူးဟာ အခုကျတော့ အမေ့ခင်ပွန်းအဖြစ် အဖေ့နေရာမှာ အခန့်သားရှိနေပြန်တာ ငါ့စိတ်က လက်မခံနိုင်ခဲ့ဘူး။ သူ့ကို အဖေလို့လည်း မခေါ်ချင်ပါဘူး။ အမေကလည်း အဲဒီကိစ္စအတွက် အတင်းအကျပ် ပြောမလာခဲ့ပါဘူး။

အမေက မောင်လေးကို မွေးဖွားခဲ့ပြန်တော့ ငါဟာ ရွာက အမေ့အိမ်ထက် မမမြတ်တို့၊ မမမော်တို့ရဲ့ မြို့ကအိမ်မှာ ပိုလို့ နေပျော်တတ်ခဲ့ဖူးတာ။

မြို့ကအိမ်မှာ ငါ့အတွက် သီးသန့်အိပ်ခန်း လုပ်ထားပေးတယ်လေ။ ပန်းပွင့်လှလှတွေနဲ့ ခက်ဖြာကျဲပြန့်နေရာ အိပ်ရာခင်း၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးကအစ မမမြတ်တို့က ငါ့အကြိုက် ပန်းနုလွှင်ပြင်လေးလို ဖန်တီးပေးထားခဲ့ကြတာ။ ငါချစ်တဲ့ မွေးပွအရုပ်တွေလည်း အများကြီးရှိတယ်။

'မြို့မှာပဲ မမတို့နဲ့ လာနေပြီး ကျောင်းတက်ပါလား'



mgyoe.com

မမမော် ပြောလာတော့ ချက်ချင်း ခေါင်းညိတ်မိတာပေါ့။ ပျော်လွန်းလို့ တစ်နေ့လုံး ခုန်ပေါက်မြူးထူးနေခဲ့တာ။ မမမြတ်ကလည်း ကျောင်းဝတ်စုံလှလှလေးတွေ ဝယ်ပေးဦးမှာတဲ့။ ဒါပေမဲ့ အမေက ငါ့ကို ငယ်သေးလို့ မမမြတ်တို့အိမ်မှာ စိတ်မချဘူး။ မူလတန်းအောင်ပြီးမှပဲ ပေးလွှတ်မယ် ဆိုလို့ ငိုမဲ့မဲ့နဲ့ လက်လျှော့ခဲ့ရတော့တာ။

ငါကတော့ ရွာကျောင်းမှာလည်း ပျော်တာပါပဲ။ ဒါပေမဲ့ အိမ်မှာကျတော့ မောင်လေးနဲ့ သူ့အဖေ၊ အမေက မိသားစုတစ်စုလို မြင်နေရတော့ ကိုယ့်ကိုယ်ကိုယ် အပြင်လူတစ်ယောက်လို စိမ်းသက်သက်ကြီး ခံစားရတယ်။

အမေ့အဖို့မှာ အလုပ်ထဲလည်း ဦးတင်ထူးနဲ့ချည်း လွှဲထားဖို့ အရာခပ်သိမ်း အဆင်မပြေလှဘူးတဲ့။

'သားရေပေါ်အိပ်၊ သားရေနားစားတဲ့ ကျွန်ယုံကောင်က အခုမှ ဒီစကား ပြောတယ်'

ခါတစ်ရံ စီးလား နင်းလား စကားဆိုဖို့ အရေးကြုံတဲ့အခါ ဦးတင်ထူး အစား အမေက ရှေ့ထွက်ရပ်ပြီး အမုန်းခံနေကျ။ ဘဝမေ့သူ၊ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေအပေါ် မစာနာတတ်သူအဖြစ် ဦးတင်ထူးကို အနေမခက်စေလိုတာ အမေ့စေတနာပဲ။

အလုပ်ရှင်နဲ့ ညားလေရုံဖြင့် ဘဝတူ ဖြစ်ခဲ့ဖူးတဲ့ အချင်းချင်းတွေအပေါ် ဩဇာမညောင်းနိုင်ဘူးလို့ အမေက ဦးတင်ထူးကို နှစ်သိမ့်စကားဆိုတတ်ပြန်တာ။ ဒါပေမဲ့ ဦးတင်ထူးက တစ်ခါတစ်ရံ မူးထွေလာလျှင် ယောက်ျားမာန ခေါင်းထောင်ထချင်သေးရဲ့။

'အဲဒါဆို ငါက ဘာလဲ၊ ကူလီအလုပ်သမားခေါင်းလား'

'နင်က ငါ့ယောက်ျားလေ။ ဒါပေမဲ့ ငါနဲ့ ပြောလက်စ၊ လုပ်လက်စတွေထဲတော့ နင် ဝင်ပါလို့ ဘယ်ရမလဲ။ နင် ဘာမှ ဝင်မပြောလည်း ငါ့ဘေးမှာ နေပေးရုံနဲ့ လုံလောက်တယ်'

'အဲဒီတော့ ငါက ရုပ်ပြကောင်းရုံ လင်တစ်ယောက်ပေါ့'

'ငါ မပြောပါဘူး။ နင့် ဘာသာ ဖြစ်နေတာ'



mgyoe.com

mgyoe.com SAMPLE BOOK

သူ့လင်၊ သူ့သား၊ အလုပ်တွေကြားမှာ မွန်းနစ်ရစ်ပတ်ကာ ငါကတော့ လက်တိုလက်တောင်း နိုင်းကောင်းရုံ အလုပ်ကလေးတွေပေါ်မှ -

'မျက်ခြယ် ဘယ်ရောက်နေလဲဟယ်။ အားနေရင် အဆော့သက်သက်ပဲ၊ ခိုင်းချင်ရင် ခေါ်မကြား၊ အော်မကြား၊ ငါ့မှာ ပိုမောတယ်'

ငါဟာ ဘယ်အလုပ်ကိုပဲ ခိုင်းခိုင်း အရာရာနဲ့ အကြောင်းကြောင်း ချည်းမို့ အဆင်မပြေဘူးတဲ့။ ကလေးထိန်းခိုင်းရင်လည်း အသုံးမကျပြန်ဘူးတဲ့။ ပြီးတော့လည်း ခိုင်းစရာရှိရင် ငါ့နာမည်ကိုပဲ တကြော်ကြော် ခေါ်ပြန်တာပဲ။

ကျောင်းကပြန်လာရင် ကစားဖို့ နောက်ထားပြီး ကလေးထိန်း ကူရပြန်တာပဲ။ စိတ်တိုင်းမကျလျှင် ဆိုဆဲ၊ ကျိန်ဆဲဖို့ ဝန်မလေးဘူး။ အမေ့ အရိုက်အနှက် မခံရတဲ့ နေ့ရယ်လို့လည်း တစ်ရက်မှ မရှိခဲ့စဖူး။ အမေ့ ဆင်ခြေကတော့ ဦးတင်ထူး ရိုက်နှက်မှာ မရှုစိမ့်၊ မခံစားနိုင်လို့ ကိုယ့်သားသမီးကိုယ် လက်ဦးမှုယူကာ မလွှဲကင်းသာစွာ ရိုက်နှက်နေရသလို ဆိုတတ်ပြန်တာ။ ဒါပေမဲ့ အမေ ဘယ်လိုပဲ သဘောမကျလည်း ဦးတင်ထူးက မူးရူးလာရင် ငါ့ကို ရိုက်နှက်၊ ဒဏ်ပေးတတ်ပြန်တာပဲ။ အမေက ငါ့ကို ဦးတင်ထူး ရိုက်တိုင်း မဆွဲသာ၊ မတားသာ ဖြစ်လေတိုင်း -

'အသေသာ သတ်ပစ်လိုက်၊ အဲ့ကောင်မ သေသွားလည်း အေးတာပဲ'

ပထွေးရဲ့ ရိုက်ချက်ထက် အမေ့စကားမြားတွေက ငါ့ကို ပိုလို့ စူးနစ်နာကျင်စေခဲ့တာ။ ငိုရလွန်းတော့ မျက်ရည်လည်း မကျနိုင်တော့ဘူး။ ငါဟာ ပိုလို့တောင် ထုံပေပေနိုင်လာခဲ့သေးတယ်။

အမေ့စကားအတိုင်း ငါ သေသွားလည်း အေးတာပဲလို့ ခဏခဏ တွေးဖြစ်တယ်။ မဟုတ်လည်း သူတို့မိသားစုတွေ သေကြ၊ ငါက မမမြတ်တို့၊ မမမော်တို့အိမ်မှာ သွားနေမှာပေါ့။ ငါကလည်း အမေ့အိမ်မှာထက် မြို့ကအိမ်မှာ ပိုပျော်တာပဲ။

✱

ဇလပ်နီတပေ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## – ခြောက် –

မြို့ကလေးမှာ ပွဲလမ်းရှိတတ်တဲ့ အခါကြီး၊ ရက်ကြီး နေ့မျိုးတွေဆို ငါ ပျော်တယ်။ အမေက ကိုယ်တိုင် ညမအိပ်ပေမဲ့လည်း ငါ့ကို မမမြတ်တို့၊ မမမော်တို့ရဲ့ မြို့ကအိမ်ကို ကိုယ်တိုင်လိုက်ပို့တတ်တယ်။ သူတို့ကလည်း ငါ့ကိုတော့ လူကြုံတိုင်း တရရ မှာနေတတ်တာလေ။

မမမြတ်တို့၊ မမမော်တို့သာမက မမမြတ်ရဲ့ခင်ပွန်း၊ အစ်ကိုကြီးက လည်း ငါ့ကို ချစ်တယ်။ အစ်ကိုကြီးက သိပ်လည်း အလိုလိုက်တာပဲ။ မွေးပွ အရုပ်တွေလည်း ခဏ ခဏ ဝယ်ပေးတတ်တယ်။ ငါက ငါကြိုက်တဲ့ အရုပ်တွေ အားလုံးကို မြို့ကအိမ်မှာ ငါ့အခန်းလေးထဲမှာပဲ ထားခဲ့တယ်။ ရွာကို ပြန် သယ်ရင် အမေ့သားလေးကို ပေးဆော့ရမှာ စိုးလို့လေ။ ပေးမဆော့ရင် သောက် ကလေးက တကျီကျီ ပူဆာငိုယိုပြန်တော့ ငါပဲ ဆူခံထိမှာ။ အရိုက်ခံရဦးမှာ။

အဲဒီတုန်းက တန်ဆောင်တိုင်ပွဲတော်ရက်လို့ ထင်ပါတယ်။ စနေ၊ တနင်္ဂနွေနဲ့ တွဲလျက်မို့ ငါတို့ကျောင်းက ကျောင်းပိတ်ရက်တွေ တပျော်ကြီး



mgyoe.com

mgyoe.com SAMPLE BOOK

ရတယ်။ နှစ်စဉ်ထုံးစံအတိုင်း အစ်မတွေဟာ ငါ့ကို လှမ်းမှာကြမယ်လို့ ထင်ယောင် မျှော်လင့်ပေမယ့် သတင်းစကားမျှ ရောက်မလာခဲ့ဘူး။ အပျော်အပါး မက်လှသူပီပီ ငါကဖြင့် မြို့ကို သွားချင်လှပြီ။ ဖင်တကြွကြွ၊ လည်တဆန့်ဆန့်။ အခါတိုင်းလို အမေလည်း လိုက်မပို့နိုင်အားပြန်ဘူးတဲ့။ ငါ့မောင်လေးက အဲဒီရက်မှာ နေမကောင်း ဖြစ်နေတယ်။

'မောင်လေးကို မြို့မှာ ဆေးခန်းပြပါလား အမေ'

မပြီးဆုံးနိုင်တဲ့ သူ့အလုပ်တွေကို အကြောင်းပြပေမယ့် မြို့ပေါ်က ဆရာဝန်ထက် မိသားစုလက်စွဲ အပ်ပုန်းဆရာကို အမေက ပိုမို ယုံကြည် အားကိုးလို့သာ ဆိုတာ သိသာပါတယ်။ ပြီး သူ့ယောက်ျားကလည်း နည်းနည်း မှ စိတ်ချရတာ မဟုတ်ဘူး။ အမေ မရှိချိန်မှာ ပြဿနာတစ်စတော့ ရှုပ်ဖွ ထားပြီးသား အတွေ့အကြုံတွေလည်း များလှပြီ။ အနည်းဆုံး တလင်းထဲက၊ ကျီထဲက စပါးတွေကို ခိုးရောင်းကာ သောက်စား၊ လောင်းကစားပစ်တတ် ခဲ့လေတာ။

အမေက လူကြုံကောင်းကောင်းရှာပြီး ငါ့ကို အပ်နှံထည့်လွှတ်ပေး လိုက်တော့မှ ပျော်နိုင်တော့တယ်။

'ကျောင်းဖွင့်အမီ ပြန်လာခဲ့'

ပြီးစလွယ် ခေါင်းညိတ်ပြပေမယ့် အစ်မတွေ အားကိုးနဲ့ တပျော်ကြီး နေပြီးမှ ပြန်ဖို့ ဆုံးဖြတ်ထားပြီးပြီ။

အခါတိုင်းမှာတော့ မမတို့အိမ်ကို ရောက်တာနဲ့ ငါဟာ မြူးကြွပျော်ရွှင် နေတော့တာ။ မမမြတ်တို့ မမမော်တို့ကလည်း ဖက်လှဲတကင်း နွေးထွေးလို့။ မမမြတ်ရဲ့ အမျိုးသားကလည်း လှိုက်လှဲဖော်ရွေမြဲ။ အခါတိုင်းလိုပဲ ငါ့အလို မှန်သမျှ ဖြည့်ဆည်းပေးဖို့ အသင့်အနေအထားနဲ့ နွေးထွေးပြုံးမြလို့ပဲ။

အဲဒီတစ်ကြိမ်ကတော့ ငါ့စိတ်ထဲ တစ်မျိုးတစ်မည် ထင့်နေခဲ့သလိုပဲ။ အိမ်သားအားလုံးဟာ ဟန်ချက်ပျက်နေကြသလိုပဲ။ သူတို့ရဲ့ အကြည့်တွေ၊ အပြောတွေ၊ အပြုအမူတွေက အစ ကွယ်ကွယ်ဝှက်ဝှက် နိုင်လွန်းလှတယ်လို့ ဉာဏ်မမှီတမီနဲ့ ငါ တွေးထင်မိခဲ့သေးတာ။


mgyoe.com

ညပိုင်း မီးထွန်းပွဲတော် လျှောက်လည်ကြဖို့ ဆိုတော့ ခဲအို တစ်ယောက်သာပဲ ငါ့ကို လိုက်ပို့နိုင်တော့တယ်။ မမမြတ်တို့ ညီအစ်မက အကြောင်းပြချက် ကိုယ်စီနဲ့ အခန်းအောင်းကာ ကျန်ရစ်ခဲ့ကြတယ်။ ငါကတော့ တဆွဆွ မြူးလို့ ပျော်နေတုန်း။

အဝတ်အစား သစ်သစ်လွင်လွင်၊ လှလှပပ ဝတ်ရတာ ကြိုက်တယ်။ အရုပ်အသစ် ရမှာမို့လည်း ပျော်တယ်။ ပွဲဈေးတန်း တစ်ပတ်လျှောက်လည် ရင်း မုန့်တွေလည်း တဝကြီး စားရတော့မယ်လေ။ ကပွဲတော့ မကြည့်ခဲ့ရလို့ နှုတ်ခမ်းစူချင်မိခဲ့သေးတယ်။ ငါက ပွဲကြိုက်တယ်လေ။ စတိတ်ရှိုးလည်း ကြိုက် တာပဲ။ မမနှစ်ယောက် မပါတော့ အစ်ကိုကြီးက နောက်ဆံတင်းငင်။

တကယ်တော့ လည်ချင်စိတ်သာ ရှိနေလျက် အိမ်ပြန်ရောက်တော့ လည်း လူက ညောင်းချိပင်ပန်းနေခဲ့ပြီ။ နူးညံ့အိစက်နေတဲ့ အိပ်ရာပေါ် ပစ်လှဲ ခေါင်းချလိုက်တာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပြန်တာပဲ။

ဒါပေမဲ့ အိပ်ရာ အပြောင်းအလဲကြောင့်လည်း ဖြစ်မယ်။ တရေး မနိုးစဖူး ညလယ်မှာ ဖျတ်ခနဲ လန့်နိုးလာခဲ့တယ်။ ရေဆာတယ်။ ပြီး... ဘာ ကြောင့်မှန်း မသိဘဲ ထိတ်ခနဲ ကြောက်လန့်လို့လည်း နေပြန်တာ။ အမေ့အိမ် မှာဆို တရေးနိုးရင် မောင်လေးဘက် မျက်နှာမူကာ တစောင်းလှဲလျက်သား အမေ့ကို နောက်ကျောကနေ သိုင်းဖက်နေကျ မဟုတ်လား။ ရုတ်တရက်မှာ မမမော်ကို သတိရသွားတယ်။ မမမော် အနားမှာ အိပ်ရလျှင် ကောင်းမှာပဲ။ မမမော်ရဲ့ ရင်ခွင်ထဲမှာ ခေါင်းတိုးဝင်ပြီး ငြိမ်ငြိမ်လေး ပုကွေးထားချင်မိပြန်တယ်။

အိပ်မှုန်မပြေသေးတဲ့ ခြေလှမ်းတွေနဲ့ မမမော်ရဲ့ အခန်းဆီ ငါ အလိုလို လှမ်းရောက်သွားခဲ့တော့တယ်။ အခန်းတံခါးကို ဖြည်းဖြည်းတွန်းကာ ခြေသံဖွဖွဖြင့် မမမော်ရဲ့ အိပ်ရာဆီလှမ်းအဝင်...

ငါ အထိတ်တလန့် အသံကုန် အော်ဟစ်လိုက်မိတယ်။ ဒါပေမဲ့ သန်မာလှတဲ့ လက်ဖဝါးတစ်ဖက်ဟာ ငါ့ပါးစပ်ကို တင်းတင်းကျပ်ကျပ် အုပ်ကာ ပိတ်ဆို့ထားတော့ အသံမထွက်နိုင်ခဲ့။ အဲဒီ ကြီးမားကြမ်းရှလှတဲ့ လက် ဖဝါးဟာ မမမော်ရဲ့ လက်ဖဝါး မဟုတ်ဘူး။ ဘယ်သူလဲ။ အပေါ်ပိုင်း ခန္ဓာ



mgyoe.com

mgyoe.com

ကိုယ်ဗလာထည်နဲ့ ရင်ဘတ်မွေးကြမ်းရှရှ အထိအတွေ့မှာ လူယောကျ်ားလို့ ဖျတ်ခနဲ သိလိုက်ပြီ။ လိပ်ပြာ လွင့်တော့မလို လန့်ဖျတ်တုန်ရီလျက် ဖွတ် ရုန်းထွက်ဖို့ ကြိုးစားနေမိလည်း မလွတ်မြောက်နိုင်ပါဘဲ။ မမမော်ရော။

မမမော်ရေ...။

'မျက်ခြယ် မမမော် ရှိတယ်။ မကြောက်နဲ့'

အခန်းမီး ပြာလဲ့မှိန်မှိန်လေး ချောက်ခနဲ ပွင့်လာတယ်။ မမမော်ရဲ့ ရင်ခွင်ထဲဆီ တိုးဝင်မှေးမှိမိချိန်အထိ ငါ့ကိုယ်ကလေး တဆတ်ဆတ် တုန်နေတုန်းပဲ။ ဖြေလွှတ်ပေးလိုက်သူရဲ့ မျက်နှာကို သတိတရ ဖျတ်ခနဲ ခိုးအကြည့် အားခနဲ လန့်မအော်မိအောင် မမမော်ရဲ့ လက်မောင်းတစ်ဖက်မှာ ပါးစပ်ကို အပ်လျက် ပိတ်ထားလိုက်ရတော့တယ်။ ခဲအိုက ရေတစ်ခွက် လာတိုက်လျှင်တော့ အငမ်းမရ သောက်မိကာ တစ်ချက် သီးနင်သွားရပြန်။

နောက်တစ်နေ့ နံနက်လင်းလျှင်တော့ ငါ့ရဲ့ မသိနားမလည်မှု အားလုံးကို မမမြတ်က သိနေနှင့်ကြောင်း ရိဝေဝေ၊ အသက်မဲ့နေတဲ့ သူ့မျက်ဝန်းတွေက ဖော်ပြနေခဲ့သလို ထင်မိပြန်တယ်။ ငါ့ကိုလည်း အမေ့ဆီ ပြန်ပို့ဖို့အားလုံးက စိတ်ဝမ်းလက်ညီ ရှိခဲ့ကြပြီ။ ငါလည်း အမေ့အိမ် ပြန်ချင်ပါပြီ။

'ပွဲတော်လည်ဖို့ မပျော်တော့လို့ ပြန်လာတာလို့ အမေ့ကို ပြောနော်'

မမမြတ်က သေသေချာချာ မှာလိုက်တာလည်း အမှတ်တရပါပဲ။

မမမော်ရဲ့ အိပ်ခန်းအတွင်းက အခိုးဝေ၊ အဆီပြန်နေတဲ့ ခဲအိုရဲ့ မျက်နှာကို မြင်ယောင်ထိတ်လန့်ဆဲ။ အမေ့ကို ဘယ်က စလို့ ပြောရပ့ါ။ အမေ ကိုယ်စိတ် ဆင်းရဲရမှာကိုလည်း မမြင်ရက်နိုင်ဘူး။ ငါကိုယ်တိုင်လည်း ဒီအဖြစ် ကို လက်မခံလိုခဲ့ဘူး။

*


mgyoe.com

mgyoe.com SAMPLE BOOK

– ခုနစ် –

အဲဒီနွေကျောင်းပိတ်ရက်ရှည်မှာ ငါ မြို့ကို အလည်မသွားတော့ဘူး။ မမမော်တို့၊ မမမြတ်တို့အိမ်ကို တစ်သက် မသွားတော့ဘူး ဆိုတဲ့ ဆုံးဖြတ်ချက်ကို အမေ့ရှေ့မှာ မပြောမိအောင် သတိထားနေပေမယ့် မြို့ကိုသွားဖို့ အကြောင်းကိစ္စ ပေါ်လေတိုင်း အကြောက်အကန် ငြင်းဆန်တတ်ပြန်တဲ့ ငါ့မူပျက်မှုကို အမေ ရိပ်မိသွားခဲ့တယ်။

အမေ့ဆီ မမမြတ်က ရင်ဖွင့်တိုင်တည်ခဲ့လေသလား။ မမမော်ပဲ မလွဲကင်းသာစွာ ဖွင့်ဟဝန်ခံခဲ့လေသလား မသိ။ အမေဟာ ငါ့ကို ပူပန်ရကောင်းမှန်း သိတတ်လာခဲ့တယ်။ မျက်ချည်မပြတ် အရိပ်ကြည့်နေရင်းနဲ့သာ နေ့ရက်တို့ အချိန်ကုန်ပြန်တော့တယ်။

မမမြတ်ကတော့ ငါ့ကို ဂရုစိုက်ဖို့ အမေ့ကို တရရ မှာနေပြန်သတဲ့။ အမေက ငါ့အတွက် သီးသန့်အိပ်ခန်းလေး ဖွဲ့ပေးခဲ့ပြန်တယ်။ ငါကတော့ ကိုယ်ပိုင် အိပ်ခန်းလေးထဲမှာ တစ်ယောက်တည်း အိပ်တစ်ဝက်၊ နိုးတစ်ဝက်



mgyoe.com

mgyoe.com SAMPLE BOOK

ခြောက်အိပ်မက်တွေလည်း မက်နေတတ်ပြန်တာ။ တစ်ခါတစ်ရံ ညလယ်မှာ အလန့်တဖျတ်၊ စူးစူးဝါးဝါး အော်ဟစ်ယောင်ယမ်းတတ်ပြန်တာ။ အမေကတော့ ငါ့အတွက် ပူပန်စိုးရိမ်မှုကို တဖျစ်တောက်တောက် ဆူပူပြစ်တင်ခြင်းနဲ့ ပုံဖော်နေပြန်မြဲပဲလေ။

စိတ်ကတော့ မမမြတ်တို့၊ မမမော်တို့ဆီ ခဏခဏ ရောက်နေပါတယ်။ သိပ်သွားချင်လွန်းတဲ့ စိတ်ဖြစ်လာလည်းပဲ ခဲအိုရဲ့ အဆီပြန်မျက်နှာကြီးကို လှစ်ခနဲ ပြန်မြင်ယောင်မိရင် မသွားချင်တော့ဘူး။ မုန်းလိုက်တာ။ မမမော်ကိုလည်း မုန်းချင်တယ်။

မမမြတ်ကိုတော့ သနားမိတယ်။ အဲဒီနှစ်မှာပဲ ပထွေးက ငါ့ကို မြို့ကျောင်းမှာ ပြောင်းထားဖို့ အမေ့ကို ပြောဖော်ရပါတယ်။ အမေကတော့ မူလတန်း မအောင်မချင်း ရွာကျောင်းမှာပဲ ကလေးထိန်းမပျက် ကျောင်းတက်ပါစေ ဆိုပြီး မပြောင်းမလဲ ပြောလိုက်တယ်။

တကယ်တော့ ငါက ကျောင်းပဲတက်ပြီး စာပဲကျက်နေချင်တာ။ အိမ်ပြန်ရောက်တော့လည်း အိမ်စာတွေကို အသည်းအသန်လုပ်၊ ပြီး သူငယ်ချင်းတွေနဲ့ ပြေးလွှားခုန်ပေါက် ဆော့ကစားမယ်လေ။

'ဟဲ့ အဆော့ချည်း မက်မနေနဲ့။ တစ်ဖက်တစ်လက် ကလေးလာထိန်းစမ်း'

မောင်လေးကို ချစ်ပေမဲ့ မချီချင်၊ မထိန်းချင်ဘူး။ ဦးတင်ထူးက သူ့သားကို သိပ်အကဲပါလှတာ။ ကလေးကလည်း နည်းနည်းထိခိုက်မိတာနဲ့ ပြဲခနဲ အော်တော့တာလေ။

'အဆော့မက်မနေနဲ့။ ကလေးကို သေချာထိန်းစမ်း။ ငါ့သား တစ်ခုခုဖြစ်ရင် နင့်ကိုပါ အရေခွံနွှာမယ်'

ဦးတင်ထူးရဲ့ ဝမ်းခေါင်းသံကြီးဟာ ဒေါသအလိမ်းလိမ်းနဲ့ ဟိန်းထနေတတ်တာ။ ငါ့မှာ ဆတ်ဆတ်တုန်အောင် ကြောက်နေမိတယ်။ သွင်ပြင်ဟန်ပန်ကလည်း ငါ့အပေါ် လွှားခနဲ ပြေးခုန်အုပ်လိုက်တော့မလိုပဲ။ အမေက ငါ့ဘက်မှ တစ်ခွန်းတစ်စ ကာကွယ်ပေးလို့လျှင် သူ့ယောကျ်ားရဲ့ ဒေါသ


mgyoe.com

mgyoe.com SAMPLE BOOK
မြားဦးက အမေ့ဘက်ပါ လှည့်ပြန်တာပဲ။ အခုတော့ ဦးတင်ထွန်းက အမေ့ကိုပါ ရိုက်နှက်ညှဉ်းပန်းတတ်ခဲ့ပြီ။

*


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

– ရှစ် –

ရွှေးမြစ်ပြင်ကျယ်ကို လှမ်းငေးရင်း ကြည်နူးရတာထက် ထိတ်လန့်ပူပန်စိတ်က တရှရှ၊ တရိပ်ရိပ်တက်ကာ ရင်မှာပျို့အင့် အော့အန်ချင်သလိုဖြစ်လာတယ်။ လမ်းဆက်လျှောက်ဖို့ ခွန်အားမရှိတော့သလို မောရှမ်းနုံးချည့်လာတော့ တာလမ်းမပေါ်တင် ထိုင်ချပစ်လိုက်မိရော။

'အားတင်းထားလေ။ ရောက်ခါနီးတော့မှာပါ'

'ငါ... ငါ... ဆက်မလျှောက်နိုင်တော့ဘူး'

'နင် နေမကောင်းဘူးလား။ ဒါဆို ခဏနားကြမယ်လေ'

မြစ်ကမ်းပါးကို ဝိုင်းပတ်ကာရံထားတဲ့ ကျောက်တံတိုင်းတွေဟာ တမျှော်တခေါ် ရှည်လျားကွေ့ကောက်လို့။ ရွှေးမြစ်ရေဟာ ပုံမှန်စီးဆင်းချိန်မှာတောင် ကမ်းပါးကို တတိတိ တိုက်စားဖြိုချတတ်ပြန်တာ မဟုတ်လား။ မြစ်ရေဟာ တာလမ်းမဆီ ထိနမ်းလို့ မကြာခင် တာလမ်းမကြီး ပြိုကျပျက်စီးကာ သူ့ရင်ခွင်ထဲက လယ်မြေတွေဆီအထိ မြစ်ရေဝင်ရောက် ဖျက်ဆီး



mgyoe.com

mgyoe.com SAMPLE BOOK

တော့မယ့် အန္တရာယ်ကနေ ကာကွယ်ဖို့ ကျောက်တံတိုင်းအရံအတားတွေနဲ့ ဝိုင်းပတ်ဆီးတား ကာရံထားရပြန်တော့တာ။

သမုဒ္ဒပင်အရိပ် ကျိုးကျဲအောက်၊ ကျောက်တံတိုင်းပေါ် ခဏ ထိုင်ကာ နားနေဖြစ်ကြတယ်။

'မြစ်ရေမြင်တာနဲ့ ကြောက်စရာလား။ နင်လည်း မြစ်နား၊ ချောင်းနား မွေးပြီး မြစ်ထဲချောင်းထဲမှာပဲ ကြီးလာတာပဲ မဟုတ်ဘူးလား'

တစ်ယောက်က ချစ်နိုးကျီစယ်လာလျှင် ယဲ့ယဲ့ပြုံးရုံမျှသာ တုံ့ပြန်နိုင်တော့တယ်။

ငါက ရွှေးမြစ်ကို မရင်းနှီးချင်ဘူး။ အကြောက်တရားတောင် ပိုမိသေးတယ်။ ငါ တွယ်တာချစ်မြတ်မိတာ ပြာမလော့မြစ်ကြီးပဲ။ ငါတို့ရွာကလေးကနေ လှမ်းကြည့်မြင်သာရုံ အဲဒီမြစ်ကြီးဟာ ခါတစ်ရံ ဒေါသထန်လျှင် လှိုင်းလုံးကြီးတွေဟာ တောင်လို မြင့်မောက်နေတတ်တာပေါ့။ ဒါပေမဲ့ ရွှေးမြစ်လို လှိုင်းခပ်စိတ်စိတ် လှိုင်းကြက်ခွပ် မဟုတ်ဘူး။ ပြာမလော့မြစ်က လှိုင်းလုံးကြီးပေမယ့် လှိုင်းလုံးကျဲတယ်။ ပြာမလော့မြစ်ရဲ့ လှိုင်းလုံးကြီးတွေကြားမှာ နိုင်နင်းပေ့ပါးစွာ လှေလှော်ခတ်နိုင်မြဲ ငါတို့တတွေဟာ ဟောဒီရွှေးမြစ်ရဲ့ လှိုင်းကြက်ခွပ်ကိုတော့ သတိထားရတယ်။ မိုးထိုးတက်မတတ် ပြာမလော့ရဲ့ လှိုင်းလုံးကျဲနောက် အလိုက်သင့် ပဲ့ကိုင်ထိန်းကျောင်းကာ လှေကို လိုရာရောက်အောင် လှော်ခတ်နိုင်ပေမယ့် ကြက်ဖနှစ်ကောင်ခွပ်သလို လှိုင်းလုံးနှစ်ခု မျက်နှာချင်းဆိုင် ရိုက်တတ်တဲ့ ရွှေးမြစ်ရဲ့ လှိုင်းကြက်ခွပ်တွေကြားမှာ ဝဲကတော့တွေရဲ့ ဆွဲငင်စုပ်ယူမှုကနေ ဝေးလွတ်အောင် ရုန်းကန်လှော်ခတ်ရတဲ့ ပင်ပန်းမှုဟာ သေလုအောင်ပဲ တဲ့။

ဘာပဲပြောပြော ပြာမလော့မြစ်ကိုပဲ ငါက ပိုချစ်တယ်။

*

ငါတို့ရဲ့ ရွာကလေးဟာ ပြာမလော့မြစ်ကြီးကနေ ခွဲဖြာစီးဝင်လာပြီး အဲဒီ ပြာမလော့မြစ်ကြီးဆီပဲ ပြန်စီးဝင်တဲ့ ချောင်းကလေးကို ခွကာ ချောင်း


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဖက်ကမ်းစီမှာ ရွာတည်ထားခဲ့တဲ့ ရွာတန်းရှည်ရွာကြီးပေါ့။ ချောင်းဝမှာ ထီးထီးမားမား ကန့်ဘလာပင်ကြီးတစ်ပင် ရှိနေတာကြောင့် ကန့်ဘလာချောင်းလို့ အမည်တွင်ပြန်တာ။ ရွာနာမည်ကိုလည်း ချောင်းနာမည်ကို အစွဲပြုလို့ ကန့်ဘလာချောင်းရွာလို့ပဲ ဝေးနီးထင်ရှား သိကြတော့တာပေါ့။

အဖေ့ဇာတိရွာကလေး။ လယ်လုပ်ငန်း အဓိကလုပ်ကိုင်ပြီး ငါး သရောက်ပိုက် လုပ်ငန်းလည်း လုပ်ကြသေးတဲ့ ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်း ရွာကလေး။

တစ်အိမ်နဲ့တစ်အိမ် ခြေလျင်သွားဖို့ ရွာလမ်းမ ရှိပေမယ့် နွေအခါ လောက်သာ အသွားအလာ ရှိကြတာပဲ။ မိုးအခါကျတော့ ရွာလမ်းမဟာ ရွှံ့ညွန် နုန်းဗွက်မှာ ရုန်းလျှောက်ရလေ့မြဲမို့ လူသူ အသွား၊ အလာ ကျဲပါးလှတယ်။ အရေးကိစ္စပေါ်လို့ တစ်အိမ်နဲ့တစ်အိမ် ကူးလူးသွားလာလိုလျှင် ချောင်းကလေးအတိုင်းသာ လှေတစ်စင်းနဲ့ အိမ်စဉ်လှည့်ရတတ်တဲ့ အလေ့နဲ့ ရွာကလေး။ ချောင်းကမ်းနဖူးပေါ် မေးတင်ထားကာ ရေဆင်းတံတားလည်း အိမ်တိုင်းမှာ ဆောက်ထားရတယ်။ အိမ်စေ့တက်စေ့မှာ အနည်းဆုံး လှေငယ် လေးတွေလည်း တစ်စင်း၊ နှစ်စင်းတော့ ရှိတတ်ကြတယ်။

ငါတို့မှာလည်း လှေနှစ်စင်း ရှိတယ်။ ငါတို့ အိမ်နီးပါးချင်း သူငယ်ချင်း တွေဟာ ငါတို့အိမ်က လှေကလေးနဲ့ တစ်စုတဝေးတည်း ချောင်းအတိုင်း လှေလှော် ကျောင်းတက်ကြရတယ်။

'အခုတော့ ကျောင်းသွားဖော် သူငယ်ချင်းတွေလည်း တစ်ယောက်မှ ပြန်မတွေ့တော့ပါဘူး။ အဲဒီကတည်းက အကုန်သေကုန်ကြတာ'

'နင် ရွာကို ပြန်ဖြစ်သေးလို့လား'

'မမမော်က ရွာကို နှစ်တိုင်းသွားပြီး အမေတို့အတွက် သပိတ် သွတ်ပေးတယ်လေ။ ဆယ်နှစ်ပြည့်တဲ့ အထိပဲ။ အစဦး နှစ်နှစ်၊ သုံးနှစ်ပဲ ငါ့ကို ခေါ်တယ်။ နောက်နှစ်တွေ ငါ့ကို ရွာပြန်မခေါ်တော့ဘူး'

'အခုလောက်ရှိ အဲဒီတုန်းက မတွေ့ရလို့ သေပြီထင်တဲ့ သူငယ်ချင်း တချို့တလေလည်း ရွာပြန်ရောက်နေရောပေါ့'


mgyoe.com